# ပုသိမ်မြို့နယ်

# မကျီးဇင်ကျေးရွာအုပ်စု

# ပေါက်လှကျိုင်ကျေးရွာ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

(၂၀၁၆–၂၀၁၇)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ပေါက်လှကျိုင်ကျေးရွာ၊ ပုသိမ်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည် )

၂၀၁၆ ခုနှစ်၊ ဇွန်လ

# မာတိကာ


[illegible]ကာ

[illegible]ချီး

ပေါက်လှကျိုင်ကျေးရွာအခြေပြမြေပုံ၊ ပုသိမ်မြို့နယ်

ပေါက်လှကျိုင်ကျေးရွာအခြေပြမြေပုံ၊ ပုသိမ်မြို့နယ်

အပိုင်း(က)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်

(၁) နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု
- (က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်
- (ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ
- (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား
- (ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ
- (က) လူဦးရေဆိုင်ရာ အချက်အလက်များ
- (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု
- (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု
- (ဃ) ကျန်းမာရေးနှင့် အာဟာရ
- (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ
- (စ) ကျား - မ ရေးရာကိစ္စဆိုင်ရာ

(၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှု အခြေအနေ
- (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်
- (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ
- (ဂ) စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ
- (ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု
- (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု
- (စ) ပညာရေး၊ လူမှုရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး
- (ဆ) လူငယ်နှင့် ယဉ်ကျေးမှု
- (ဇ) အခြေခံ အဆောက်အဦးများအား လက်လှမ်းမီမှု- လမ်းတံတား၊ လျှပ်စစ်စွမ်းအားသတင်းနှင့် ဆက်သွယ်ရေး
- (ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
- (က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
- (ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ

(၇) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့် ကူညီဖြေရှင်းပေးရမည့်ကိစ္စများ

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်ရမည့်အချိန်ကာလ

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

(ခ) ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေးစီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ

(၉) ဘတ်ဂျတ်နှင့် ငွေကြေးဆိုင်ရာအစီအစဉ်

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့်နည်းလမ်းနှင့် အစီအစဉ်များ

(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်းဇယားများ

(၁) လူမှုစီးပွားရေး အခြေအနေ

ဇယား ၁ လူဦးရေနှင့်လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မ အလိုက်အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား ၄ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား ၅ ဓါတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား ၆ ဥစ္စာနေအဆင့်အခြေအနေ

ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ

ဇယား ၈ ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

(၂) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ
ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏စိုက်ပျိုးရေးသုံး ကိရိယာများပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှုတိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သောစီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ပြဿနာနှင့်အခက်အခဲ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ၊ ပုံစံနှင့်အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိကအကြောင်းအရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့်ဝန်ဆောင်မှု ၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့်အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့်စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၁ စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၂ ပညာရေးအခက်အခဲနှင့် ပြဿနာများ
ဇယား ၃၃ အဖြစ်များသော ရောဂါများ
ဇယား ၃၄ လွန်ခဲ့သော၁၂လအတွင်း ကာကွယ်ဆေးထိုးနှံမှု
ဇယား ၃၅ ကျန်းမာရေးအထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၆ သောက်သုံးရေရရှိနိုင်မှု
ဇယား ၃၇ အိမ်သာအမျိုးအစား
ဇယား ၃၈ ကျား-မ ကိစ္စရပ်ဆိုင်ရာ
ဇယား ၃၉ ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ
ဇယား ၄၀ ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ
ဇယား ၄၁ ရေကြောင်းသယ်ယူပို့ဆောင်ရေး
ဇယား ၄၂ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၃ လျှပ်စစ်မီးရရှိမှုအခြေအနေ
ဇယား ၄၄ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာအခြေအနေ
ဇယား ၄၅ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား ၄၆ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှုအထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၇ မှုခင်းဖြစ်ပွားမှုအခြေအနေ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့်အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ခဲ့ကြသော်လည်း လူထုအများစနစ်တကျ ပူးပေါင်းပါဝင်ရေးဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ ကျွန်ုပ်တို့ကျေးရွာတွင် ကူညီပံ့ပိုးပေးသည့် အဖွဲ့အစည်းများနှင့်ဆွေးနွေးညှိနှိုင်းကြရာတွင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းတိုးတက်မှု ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် လုပ်ငန်းစဉ်များကို ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ကျေးရွာသားအားလုံး မျှော်လင့်ပါသည်။ ကျွန်ုပ်တို့သည် နောင်တွင်လည်း ဆက်လက်၍ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ပံ့ပိုးပေးရန် ရရှိနိုင်မည်ဖြစ်ကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အချက်(၂)ချက် ပါရှိပါသည်။ အချက်(၁)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာ ရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အချက်(၂)သည် စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
မကျီးဇင်ကျေးရွာအုပ်စု
ပေါက်လှကျိုင်ကျေးရွာ။ပုသိမ်မြို့နယ်

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ရက်

# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

၁။ နိဒါန်း

(က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

**ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း**

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့်ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပ့်အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

**နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု**

ကျွန်ုပ်တို့၏ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs)နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့်ဦးစားပေး ဆောင်ရွက်ရမည့်လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့်ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့် သက်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းများကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကိုအခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို

ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုအပေါ် မူတည်၍နောင်တွင်တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ပေါက်လုဂျိုင်ကျေးရွာသည် ပုသိမ်မြို့၏အနောက်မြောက် ဘက်အခြမ်းတွင် တည်ရှိပြီး အုပ်ချုပ်ရေးရုံးစိုက်ရာ ပုသိမ်မြို့ ဆက်သွယ်သွားလာရလွယ်ကူသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင် တည်ရှိပြီး အဓိကသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းများ ဖြစ်ကြသည်။ ဒေသ၏ တစ်နှစ်ပျမ်းမျှ မိုးရေချိန်လက်မမှာ (၈၀) မှ (၁၀၀) ဝန်းကျင်တွင်ရှိပြီး စိုက်ပျိုးရေး လုပ်ငန်းများအတွက် အထောက်အကူပြုသည်။ ကျေးရွာ တည်ရှိရာသည် မြေပြန့်ပိုင်းတွင်တည်ရှိပြီး ဆားငန်ရေဝင်ရောက်မှု အနည်းငယ်ရှိသည်။ လယ်ယာမြေများသည် စပါးစိုက်ပျိုးရေးနှင့် သက်မွေး ဝမ်းကျောင်းရန်တို့အတွက် အဓိကအားထားရာဖြစ်သည်။

### ( ခ) သဘာဝအရင်းအမြစ်

လယ်ယာမြေများရှိကြပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီအသင့်အတင့် ကောင်းမွန်သည်။ ကျေးရွာတွင် သဘာဝသယံဇာတမထွက်ရှိပါ။ မြေ အောက်ရေ အသုံးပြုမှု နည်းပါသည်။ ထွန်ယက်စိုက်ပျိုးနိုင်သည့်ဧက (၁၇၀) ဧကရှိပြီး စပါးကို အဓိကစိုက်ပျိုးကြသည်။

## ၃။ ကျေးရွာ၏ လူမှုရေးဖွံ့ဖြိုးတိုင်းတက်ရအခြေအနေ

### (က) လူဦးရေးဆိုင်ရာ အချက်အလက်များ

အိမ်ထောင်စုပေါင်း (၁၉၅) စုနှင့် ကျား (၃၇၂) ဦး၊ မ (၃၉၆) ဦးဖြင့် လူဦးရေ ပေါင်း (၇၆၈) ဦး ရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ (၄) ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း (၅) ဦးထက် လျော့နည်းသည်။ ကျေးရွာတွင် ဗမာလူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်နိုင်သော အရွယ်သည် ကျေးရွာရှိ လူဦးရေပေါင်း၏ ၆၅% ခန့်ရှိသဖြင့် လူသားအရစ်အမြစ် ကောင်းတစ်ရပ် ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေးတိုးတက်အောင် စွမ်းဆောင် နိုင်သည်။ အလုပ်လုပ်နိုင်သော အရွယ်ရှိ အမျိုးသမီးဦးရေသည် အမျိုးသား ဦးရေအောက် ( ၆.၃% ) မျှ ပိုနည်းသည်။

### (ခ) စီးပွားရေးအခြေအနေ ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်သည်။ တစ်ရွာလုံး၏ ဝင်ငွေအနေထားမှာ သာမန်အားဖြင့် လျော့နည်းသည်။ ဆင်းရဲချမ်းသာ သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ ၆၀% သည် ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုအဆင့်အဖြစ် ခံယူကြပြီး၊ ၉ % သည် ချမ်းသာသည့်အဆင့်၊ ၃၁ % အလယ်အလတ် အဆင့် ရှိကြသည်ဟု သတ်မှတ်ကြသည်။ ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု၊ လက်လှမ်းမှီမှု၊

တို့ကြောင့် ကျေးရွာစီးပွားရေးအနေအထားမှာ အသင့်အတင့် ကောင်းမွန်သည်ဟု ပြောနိုင်ပါသည်။ သို့သော်လည်း အနည်းငယ်အဆင်ပြေသော လယ်သမားအိမ်ထောင်စုများအပြင် အခြားလယ်သမားအိမ်ထောင်စုအချို့မှာလည်း လက်သမား၊ ပန်းရံ၊ ဆန်ကြိတ်စက်စသော အသေးစားအိမ်တွင်းမှုလုပ်ငန်းများတွင်လည်း ပါဝင်ဆောင်ရွက်ကြသည်။ ငွေချေးသော အိမ်ထောင်စုအချို့နှင့် အစိုးရဝန်ထမ်းအချို့လည်း ငွေရေးကြေးရေးအသင့်အတင့် အဆင်ပြေကြသည်။

ယင်းတို့အနက် ဆင်းရဲအဆင့်သည် ကျေးရွာတွင် အများဆုံးဖြစ်ပြီး မြေယာအနည်းငယ်ပိုင်သော လယ်သမားများ၊ လက်လုပ်လက်စား၊ ဆောက်လုပ်ရေးလုပ်ငန်းခွင် လုပ်သားများနှင့် မြေယာမဲ့အိမ်ထောင်စုများ ပါဝင်သည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများပြားသော်လည်း ရာသီအလိုက် လယ်ယာလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ လက်လီ၊ ခေါင်းရွက်ဗျပ်ထိုးလုပ်ငန်းများ၊ ဆန်ကြိတ်စက်၊ တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းများတွင် အလုပ်အကိုင်ရှာဖွေရရှိနိုင်ကြသည်။ ကျေးရွာမှ ဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်စုများ၏ ၃၀%ဖြစ်သော (၃၁)စုကို လေ့လာဆန်းစစ်မှုအရ ယင်းတို့၏ ၁၀%မှာ သူတစ်ပါးထံမှ ချေးငှားပြီးမှ နပ်မှန်စားသုံးနိုင်ကြောင်း၊ ၁၈%မှာ သူတစ်ပါးထံမှ မချေးငှားပဲ သုံးလခန့်စားသုံးနိုင်ကြကြောင်း၊ ၆၀%မှာ ၃ လမှ ၅ လခန့်၊ ၁၂%မှာ ၆ လမှ ၁၂ လခန့် သူတစ်ပါးထံမှ ချေးငှားစရာမလိုပဲ နပ်မှန်စားသုံးနိုင်ကြကြောင်း တွေ့ရှိရသည်။ အကြွေးတင်ရှိမှုတွင် တွေ့ဆုံခဲ့သော အိမ်ထောင်စုအားလုံးသည် အကြွေးငွေ ၂၀၀၀ဝိ/-ကျပ်မှ တစ်သန်းကျပ်ထိ တင်ရှိနေကြသည်။

အိမ်ထောင်စုအားလုံး၏ ၆%ခန့်သည် အမျိုးသမီးဦးဆောင် အိမ်ထောင်စုများဖြစ်ကြပြီး ထိုအိမ်ထောင်စုများမှာ ဆင်းရဲကာ မိသားစုဦးရေ များပြားကြသည်။ အလားတူ အိမ်ထောင်ဦးစီးက ရွာပြင်ပတွင် သွားရောက်အလုပ်လုပ်နေကြသော အိမ်ထောင်စု(၁၄)စုနှင့် မုဆိုးဖို၊ တစ်ခုလပ် ဦးဆောင်သည့် အိမ်ထောင်စု(၇)စုသည် ဆင်းရဲသည့် ထိခိုက်လွယ်သော အိမ်ထောင်စုများဖြစ်ကြသည်။

အခြားထိခိုက်လွယ်သော အိမ်ထောင်စုများမှာ မသန်စွမ်း(၅)ဦးနှင့် မိသားစုစောင့်ရှောက်မှုနည်းသူများဖြစ်သည့် သက်ကြီးရွယ်အို(၂၅)ဦးတို့ဖြစ်ကြသည်။ ရွာပြင်ပသို့သွားရောက်ပြီး ဝင်ငွေရရှိရေးအတွက် အလုပ်သွားရောက်လုပ်ကိုင်ကြသည့် လူငယ်လူရွယ်များသည် လိင်မှတစ်ဆင့်ကူးစက်တတ်သည့် ရောဂါများ၊ အရက်နှင့် မူးယစ်ဆေးဝါးသုံးစွဲမှုအန္တရာယ်တို့ ရှိတတ်ကြသည်။

## (ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှု ရှိကြသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြသည်။ အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်းတို့သည်လည်း တစ်ကိုယ်ရည် သန့်ရှင်းရေးနှင့် ကျန်းမာရေးအသိအမြင်များ ရှိကြသည်။ ကျေးရွာသားများအနေဖြင့် အခြေခံ ကျန်းမာရေး စောင့်ရှောက်မှုများကို ကျေးရွာတွင်းရရှိနိုင်ကြပြီး (၉)ကီလိုမီတာသာကွာဝေးပြီး ကားလမ်းဖြင့် အလွယ် တကူသွားလာနိုင်သော မြို့နယ်ဆေးရုံ၊ ဆေးဆိုင်များနှင့်လည်း လက်လှမ်းမီသည်။

ကျေးရွာတွင် တွင်းရေကို အလွယ်တကူရနိုင်ကြပြီး နွေရာသီတွင် ဆားငန်ရေ အနည်းငယ်ဝင်ရောက်သော ကြောင့် ဝမ်းပျက် ၊ ဝမ်းလျှော ၊ တိုက်ဖွိုက် ၊ အစာအိမ်ရောင် စသောရောဂါ ဖြစ်ပွားမှုများရှိကြောင်း တွေ့ရှိရပါသည်။

## (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အတော်အသင့်ရှိကြောင်းတွေ့ရှိရပါသည်။ ရွာသားအများစု သည် အခြေခံအရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက် အသင့်အတင့်များပြား သည်။ ကျေးရွာတွင် အခြေခံပညာရေးကို ရွာထဲရှိမူလတန်းနှင့် အလယ်တန်းကျောင်းခွဲတို့တွင် တက်ရောက် သင်ကြားနိုင်ကြသည်။ သို့သော် အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များ အတွက် အလုပ်အကိုင် အခွင့်အလမ်းများ နည်းပါးဆဲဖြစ်သည်။

## (စ) ကျား-မ ရေးရာကိစ္စဆိုင်ရာ

ကျေးရွာတွင် ကျား-မ ရေးရာကိစ္စဆိုင်ရာအနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျား-မ ရေးရာဆိုင်ရာ တာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာသတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။

ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်းအဆင့်၌ မိန်းကလေးအရေအတွက်သည် ယောကျ်ားလေးအရေအတွက်ထက် နည်းနေသော်လည်း အလယ်တန်းနှင့်အထက်တန်းများတွင် မအရေအတွက်မှာ ကျားအရေအတွက်ထက် ပိုများနေ၍ အမျိုးသမီး များအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူပင်ဖြစ်သည်။ သို့သော် ကျေးရွာ တွင် နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရကြသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အား စိုက်ထုတ်မှုတူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားလျော့နည်းပြီး ရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင်မှုတို့မှာ အလွန်လျော့နည်းလျက်ရှိသည်။ ကျား-မတန်းတူညီမျှ မှုနှင့်ပတ်သက်၍ အသိပညာပေးခြင်းများ မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား-မတန်းတူညီမျှမှု၊ ဖွံ့ဖြိုးမှုတို့ အတွက် ပိုမိုအထောက်အပံ့ ဖြစ်လာနိုင်ပါသည်။

## ၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာ အစီအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်း(၁)ဖွဲ့၊ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ (၁)ဖွဲ့ ရှိသည်။ ယင်းအဖွဲ့များအနက် ပြင်ပမှ အဖွဲ့စည်းပေးသော အမျိုးသမီးရေးရာအဖွဲ့မှာ လှုပ်ရှားမှု အားနည်းကာ နာရေးကူညီမှု အသင်းမှာ လှုပ်ရှားမှုအားကောင်းသည်။

### (ခ) သီးနှံ၊ သားငါး၊ ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စပါးကိုအဓိကစသိုက်ပျိုးပြီး မိုးစပါးစိုက်ဧက ( ၁၇၀ ) ရှိသည်။ မိုးစပါးပျဉ်းအျှအထွက်မှာ တစ်ဧက (၄၀)တင်းထွက်ရှိသည်။

စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများ ရရှိနိုင်ကြပြီး စိုက်ပျိုးရေးပစ္စည်း ကုမ္ပဏီများမှ လည်း တောင်သူများ အတွက် ဝန်ဆောင်မှုများပေးသည်။ တောင်သူအများစုသည် လယ်ယာလုပ်ငန်း ခွင်အတွက် အလုပ်သမားမလုံလောက်မှု ပြဿနာကို ရင်ဆိုင်ရတတ်ပြီး လုပ်အားခ ပိုမိုပေးမှ အလုပ်သမားများကို ငှားရမ်းရရှိနိုင်ကာ ကုန်ကျစရိတ်မြင့်မားရသည်။ တစ်ချို့ တောင်သူများမှာ အုလုပ်သမားရှားပါးမှုနှင့် ကုန်ကျစရိတ်မြင့်တက်မှုတို့ကို ကျော်လွှားနိုင်ရန် စပါးစိုက်ရာတွင် ကြဲပက် စနစ်ကို သုံးကြသည်။ တောင်သူများသည် တစ်ခါတစ်ရံတွင် မိုးရွာသွန်းမှု မညီမျှမှု ရင်ဆိုင်ရတတ်သည်။ စပါးစိုက်ပျိုးခင်းများတွင် ဖျက်ပိုးကျရောက်မှုကို ပိုမိုတွေ့ရပြီး ယင်းဖျက်ပိုး များသည် ပိုးသတ်ဆေးတစ်ချို့ကို ခံနိုင်စွမ်းရှိကြသဖြင့် တောင်သူများအနေဖြင့် ထိရောက်သော ဖျက်ပိုး နှိမ်နင်းရေးနည်းစနစ်ကို လိုလားနေကြသည်။

ကျေးရွာတွင် ဝက်မွေးသူ အိမ်ထောင်စုအရေအတွက်မှာ တစ်ရွာလုံး၏ (၂၂%) ဝန်းကျင်သာ ရှိပြီး ဒေသမှ ဝက်မျိုးများကို မွေးမြူကြသည်။ ဒေသကြက်မွေးသည့် အိမ်ထောင်စုလည်း တစ်ရွာလုံး၏ (၁၀%) ခန့်ရှိပြီး ဈေးကွက်တွင် ဝယ်လိုအားရှိသည်။ ရာသီအလိုက် ဖြစ်ပွားတတ်သော တိရစ္ဆာန် ရောဂါများ အထူးသဖြင့် ကြက်လည်လိမ်ရောဂါသည် အဖြစ်များပြီး ရောဂါကြောင့် သေဆုံး ပျက်စီးမှုများရှိတတ်သည်။ နည်းပညာဝန်ဆောင်မှုကို မြို့နယ်မွေးကူဦးစီးဌာနမှ ရရှိနိုင်သော်လည်း ဝန်ထမ်းမလုံလောက်မှုကြောင့် လွှမ်းခြုံဆောင်ရွက်ပေးနိုင်မှု အားနည်းသည်။

မွေးမြူရေးလုပ်ငန်းပိုင်းဆိုင်ရာ အဟန့်အတားများအနေဖြင့် ဆင်းရဲသောအိမ်ထောင်စုများက မွေးမြူရေးလုပ်ငန်း တည်ထောင်တိုးချဲ့ဆောင်ရွက်ရန် ချေးငွေကို အလွယ်တကူမရရှိနိုင်ကြချေ။ ရွာထဲမှငွေချေးသူများထံမှ ချေးငှား လျှင်လည်း အတိုးနှုန်းမှာ မြင့်မားတက်သည်။ ကျေးရွာတွင် မွေးမြူရန် ရေမြေနေရာ အဆင်မပြေသောကြောင့် ငါးမွေးမြူရေးလုပ်ငန်းများမရှိပါ။

(ဂ ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စားအလုပ်များ၊ သယ်သူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ ဈေးရောင်း၊ ခေါင်းရွက်ဗျက်ထိုး၊ အစိုးရဝန်ထမ်းလုပ်ငန်းတို့ဖြစ်ကြသည်။ အခြားလုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်မှုအနည်းအပါးမှ အသင့်အတင့် အနေအထားတွင်ရှိသည်။ လက်လုပ်လက်စားအလုပ်များမှာ စိုက်ပျိုးရာသီနှင့် ရေလုပ်ငန်းများတွင်သာ အလုပ် အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့် ဂငွေမမှန်ခြင်းကြောင့် တွက်ခြေကိုက်မှု နည်းပါးသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေများပြားပြီး ထိုအခြေအနေမှာ ကျေးရွာ၏ အလားအလာကောင်း တစ်ရပ်ဖြစ်သည်။ မြို့ပေါ်တွင် သက်မွေးဝမ်းကျောင်းသင်တန်းအချို့ကို ဝန်ဆောင်မှုပေးနိုင်သော လုပ်ငန်းများ ရှိကြသည်။ အပ်ချုပ်၊ ဇာထိုးပန်းထိုး ၊ ဆံပင်အလှပြင် ၊ မုန့်လုပ်နည်း ၊ မော်တော်ဆိုင်ကယ်ပြင် ၊ မိုဘိုင်းဖုန်းပြင်၊ ကားမောင်း၊ ဝပ်ရှော့စသည်တို့သည် သက်မွေးဝမ်းကျောင်းသင်တန်းများဖြစ်ကြသော်လည်း ရွာသားအများစု သည် အဆိုပါသင်တန်းများနှင့်အထိအတွေ့နည်းပါးကြသည်။ လုပ်ငန်းခွင်သုံးပညာအရည်အချင်းပိုင်းတွင်လည်း အနည်းငယ်နိမ့်ကျကြပြီး သင်တန်းစရိတ်အကုန်အကျခံရန်နှင့် လုပ်ငန်းထူထောင်ရန်လည်း မတတ်နိုင်ကြချေ။ ငွေကြေးအဆင်ပြေသော အိမ်ထောင်စုအချို့သာ အပ်ချုပ် ၊ စက်ပြင်စသော သင်တန်းများသို့ အခကြေးငွေ အကုန်အကျခံကာ ပို့လွှတ်သင်ကြားကြသည်။

(ဃ) သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာတွင် စပါးစိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓာတုမြေဩဇာ သုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေးကျဆင်းလာနိုင်သည်။ တောင်သူများ အနေဖြင့် ဘက်စုံပိုးမွှား နှိမ်နင်းရေးစနစ်အစား ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ ၊ ပုလင်းခွံ ၊ ဗူးခွံများကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေး လုပ်ငန်းများမြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

ရခိုင်ကမ်းခြေဒေသနှင့် နယ်နမိတ်ထိစပ်လျှက်ရှိသောကြောင့် ပင်လယ်ပြင်မှဂင်ရောက်လာသော မုန်တိုင်း ဒဏ်ကို နှစ်စဉ်လိုလိုကြုံတွေ့ရသည်။ထို့ကြောင့် လေပြင်းတိုက်ခတ်မှုဒဏ်ကိုလည်း တစ်ခါတစ်ရံ ကြုံတွေ့ရတတ် သည်။

## (င) ဘဏ္ဍာနှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာသားအများစုသည် ချေးငွေကို အကြောင်းရင်းမျိုးစုံ (ရိက္ခာ၊ ကျန်းမာရေး၊ ပညာရေး) တို့အတွက် အထူးသဖြင့် စားနပ်ရိက္ခာအတွက် အကြွေးထားရှိမှုအနေအထားကို လေ့လာဆန်းစစ်ခဲ့ချက်အရ ပါဝင်သော ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုများအားလုံးသည် အကြွေးယူထားကြပြီး အကြွေးငွေ ၂၀၀၀၀/- ကျပ်မှ ဆယ်သိန်းအထိ ချေးယူထားကြောင်း တွေ့ရှိရသည်။ ထိုအိမ်ထောင်စုများ၏ (၉၇%) သည်အကြွေးငွေ ငါးသိန်းအောက်ချေးယူထားပြီး (၃%)သည် ငါးသိန်းအထက် ချေးယူထားကြောင်း တွေ့ရှိခဲ့ရပါသည်။

(စ) ပညာရေး ၊ ကျန်းမာရေး ၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလတန်းကျောင်းကို ( ၆၀ ပေ × ၃၀ ပေ × ၁၂ ပေ) အဆောင်အား အဋ္ဌရာယ်ရှိ ကျောင်းဆောင် အဖြစ် ပညာရေးဌာနမှ သတ်မှတ်ထားသည်။ အလယ်တန်းကျောင်းခွဲမှာ ( ၄၀ ပေ × ၃၀ ပေ × ၁၂ ပေ) ရှိပြီး သွပ်မိုး၊ ငါးထရံကာကျောင်းဆောင်တွင် ပညာသင်ကြားနေရသည်။ထို့အတူ ကျေးရွာအတွင်း နေထိုင်ကြသော ရွာသားအားလုံး မှာ ရေးတတ် ၊ ဖတ်တတ်ကြပြီး လူဦးရေအားလုံး၏ (၁%) မှာ ဘွဲ့ကြိုးကျောင်းပညာရေးကို ရရှိထားကြသည်။ မူလတန်းအောင်ရာခိုင်နှုန်းလည်းမြင့်မားသည်။ ယခုနှစ် ကျောင်းအပ်နှံသည့် နှုန်းထားသည် ကျေးရွာရှိ မူလတန်းအရွယ်နှင့် အလယ်တန်းအရွယ်ရှိသူ အရေအတွက်ထက် ပိုနေကြောင်းတွေ့ရှိရကာ ၎င်းမှာ မူလတန်း တွင် (၉)နှစ် ၊ အလယ်တန်းတွင် (၁၄)နှစ်ထက်ကြီးသော ကျောင်းသားများပါရှိခြင်း ၊ အနီးကျေးရွာမှ ကျောင်းသား များတက်ရောက်နေကြခြင်းတို့ကြောင့်ဖြစ်သည်။ ကျောင်းတွင် ပရိဘောဂများလိုအပ်ချက်ရှိပြီး ၊မူလတန်းပြဆရာ/မ ( ၃ )ဦး၊ အလယ်တန်းတွင် ဆရာ/ဆရာမ ( ၄ )ဦးတို့ ရှိကြပါသည်။

ကျေးလက်ကျန်းမာရေးဆေးခန်းရှိပါသည်။အုပ်စုတွင်းတာဝန်ကျ ကျန်းမာရေးဆရာမ အလှည့်ကျလာရောက် သည့်အတွက် ကျေးရွာ၏ ကျန်းမာရေးဝန်ဆောင်မှုများမှာ အသင့်အတင့် အဆင်ပြေရုံမျှသာ ရှိပါသည်။

သောက်ရေအတွက် လက်ခပ်ရေတွင်း ၊ မော်တာသုံးရေတွင်း တပ်ဆင်သုံးဆွဲကြပြီး သုံးရေးလုံလောက်မှုရှိသည်။ သောက်ရေအတွက်မှာ ( ၅ )ဖာလုံ ခန့်ဝေးသော တောင်ကျစိမ့်ရေအား ခပ်ယူသောက်သုံးနေရသည်။

ချမ်းသာသော အိမ်ထောင်စုများက အိမ်သာကျင်းကို အုတ်ဖြင့်ဆောက်လုပ်ထားကြပြီး ဆင်းရဲသော အိမ်ထောင်စုများသာ ဝါး ၊ ယိုင်ပတ်တို့ဖြင့်ဆောက်လုပ်သုံးစွဲကြသည်။ တစ်ရွာလုံးနီးပါး ယင်လုံအိမ်သာဆောက်လုပ်သုံးစွဲကြသဖြင့် ရေကြောင့်ဆက်စပ်ဖြစ်ပွားတတ်သော ရောဂါဖြစ်ပွားမှုများ နည်းပါးသည်။ စာသင်ကျောင်းတွင်လည်း ကျောင်းအိမ်သာမှာ စနစ်တကျဆောက်လုပ်ထားပြီး ကျောင်းသူ/သားများအတွက် အသုံးပြုရန် လွယ်ကူသည်။

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့်အနေအထား သီးသန့်မရှိပေ။ သူတို့သည် ကျေးရွာရှိလူမှုရေးလုပ်ငန်းများအတွက် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေးပွဲတော်များတွင်လည်း ၊ ရိုးရာအကများဖြင့် တင်ဆက်ပါဝင်ကြသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဆောင်ရွက်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းသီးသန့်ဖော်ဆောင်ခြင်းမရှိသေးချေ။

(ဇ) အခြေခံအဆောက်အဦ ၊ လမ်း ၊ တံတား ၊ လျှပ်စစ်စွမ်းအား ၊ သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာရှိ ရွာတွင်းလမ်းမှာမြေသားလမ်းဖြစ်ပြီး ထော်လာဂျီများကိုအသုံးပြုမောင်းနှင်ကြသည်။ ရေလမ်းခရီးအသုံးပြုမှုမရှိပဲ လမ်းပန်းဆက်သွယ်ရေးအတွက် မော်တော်ဆိုင်ကယ် (၆၀)စီးနှင့် စက်ဘီး (၅၀)စီး ၊ ထွေလာဂျီ (၂)စီးနှင့် ထရပ်ကား (၃)စီးတို့ကို အသုံးပြုလျှက်ရှိကြသည်။

ကျေးရွာတွင် လျှပ်စစ်မီးကို မရောက်ရှိသေးပါ။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လုပ်မီးအသုံးပြုနိုင်ကြသည်။ ကျေးရွာတွင်အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။

ရွာသားများသည် သတင်းစာ၊ ဂျာနယ်တို့ကိုလည်း ဝယ်ယူဖတ်ရှုကြပြီး တစ်ရွာလုံးအတိုင်းအတာဖြင့် တယ်လီဖုန်းနှင့် သတင်းဆက်သွယ်ရေးမှာ အတော်အသင့်ကောင်းမွန်ကြောင်းတွေ့ရှိရပါသည်။

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ သို့သော် ရွာသားများသည် မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ်ရရှိနိုင်သည်။ အာမခံစနစ်ကို ချိတ်ဆက်အသုံးပြုနိုင်ကြပြီး လိုအပ်သောသတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင်သည်။ အာမခံ

စနစ်ကို ချိတ်ဆက်အသုံးပြုနိုင်သော်လည်း ချိတ်ဆက်ဆောင်ရွက်ထားသူမရှိသလောက်ပင် ဖြစ်သည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ် သီးသန့်ရေးဆွဲထားခြင်းမရှိပါ။ ရွာသားများသည် ရဲစခန်းသို့ အလွယ်တကူချိတ်ဆက်နိုင်ပြီး ကျေးရွာတွင်ရာဇဝတ်မှုဖြစ်ပွားခြင်းနည်းပါးသည်။

၅။ ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်မည့် အခြေအနေများ

ကျေးရွာတွင် လျှပ်စစ်မီးမရောက်ရှိသေးသဖြင့် ကျောင်းသူ/သားများအတွက် စာဖတ်ချိန် အထောက်အပံ့နည်းပါးခြင်း စသောလူနေမှုအဆင့်အတန်းမြင့်မားလာရေးအတွက် အထောက်အကူများလိုအပ်နေသေးသည်။

လူငယ်ပညာတတ်များရှိပြီး လူဦးရေအားလုံး၏ (၇၇%) မှာ အလုပ်လုပ်နိုင်သည့် အရွယ်များဖြစ်ကြသည်။ ဘွဲ့ရအရေအတွက် အသင့်အတင့်ရှိပြီး ကျွမ်းကျင်မှုနှင့် သက်မွေးဝမ်းကျောင်း သင်တန်းများကို လူငယ်များကို လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များကို တိုးတက်ကောင်းမွန်စေပါမည်။ ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့်ကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများသို့လည်း အလွယ်တကူလက်လှမ်းမီနိုင်ကြသည်။ ကျေးရွာသားများအနေဖြင့် စိုးရိမ်ရသော ဆေးဝါးကုသလိုမှုအတွက်လည်း ပုသိမ်ပြည်သူ့ဆေးရုံသို့ သွားရောက်ပြီး ဆေးကုသမှုများခံနိုင်ကြသည်။ ကျေးရွာတွင် စာသင်ကျောင်း နှင့် ပံ့ပိုးပစ္စည်းများမှာ လက်ရှိပညာရေးအနေအထားအတွက် သင့်တင့်သောအဆင့်တွင် ရှိနေကြသည်။

သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီသြဇာအတော်အသင့်ကောင်းမွန်သည်။ တောင်သူများလည်း လယ်ယာထွက်ကုန်များကို အလွယ်တကူသယ်ယူပို့ဆောင်ပေးနိုင်သည်။ မိုးရွာသွန်းမှုမှာ စပါးနှင့် ဆောင်းသီးနှံများစိုက်ပျိုးရန်အထောက်အပံ့ဖြစ်သည်။

ကျေးရွာတွင် မွေးမြူရေးထွက်ကုန်ရောင်းချရန် ဈေးကွက်ကောင်းသဖြင့် အထူးသဖြင့် ကြက်နှင့်နွားကို တိုးချဲ့မွေးမြူရန်နှင့် အခွင့်အလမ်းသာသည်။ သို့သော် မွေး/က ဦးစီးဌာနမှ လိုအပ်သောနည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးမှုကိုလည်း တိုးမြှင့်ဆောင်ရွက်ပေးရန် လိုအပ်သည်။ ရေလုပ်ငန်းလုပ်ကိုင်နိုင်ရန် ဆင်းရဲသားရေလုပ်သားများအတွက် လှေငယ်နှင့် ပိုက်များ ထောက်ပံ့ကူညီပေးရန် လိုအပ်နေသည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ ကျေးရွာတွင် မိုးဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမီအသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှတကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။

(ခ) အဟာန့်အတားနှင့်စိန်ခေါ်မှု

ကျေးရွာရှိ လယ်ယာမြေများမှာ မြေဆီလွှာအသင့်အတင့်ကောင်းမွန်သည်မှအပ အခြားသယံဇာတများ မထွက်ရှိပါ။ လယ်ယာမြေကို ထပ်မံတိုးချဲ့ရန်မှာ မဖြစ်နိုင်သဖြင့် လယ်သမားများအဖို့ အထွက်နှုန်းတိုးမြင့်အောင် အားစိုက်ရပေမည်။

ရေသွယ်မြောင်းတိုးချဲ့ဖောက်လုပ်ပြီး ရေသွင်းစိုက်ပျိုးနိုင်မည့် စိုက်ဧကတိုးတက်လာစေရန် ဆောင်ရွက်သင့်ပါသည်။ ထို့အပြင် ပိုးသတ်ဆေးအချို့ကိုခံနိုင်သော ဖျက်ပိုးများသည် စပါးစိုက်ခင်းများတွင် ကျရောက်တတ်သည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာပိုင်းဆိုင်ရာဝန်ဆောင်မှုကို ရရှိနိုင်သော်လည်း ဖျက်ပိုးနှိမ်နင်းရေးနှင့် ပတ်သက်၍ ထိရောက်စွာအကောင်အထည်ဖော်ပေးသော အစီအစဉ်မရှိသေးပါ။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေး ကျင့်သုံးနိုင်ရေး အထောက်အပံ့များ ရရှိရန် လိုအပ်သည်။

ကျေးရွာတွင် အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်းမရှိသဖြင့် အလုပ်အကိုင်နှင့် ဝင်ငွေပုံမှန်ရရှိရေးအတွက် အကန့်အသတ်ရှိနေပါသည်။ ဒေသတွင်လည်း အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းအတွက် ကုန်ကြမ်း၊ တတ်သိပညာ၊ အထိအတွေ့တို့ အားနည်းပါသည်။

၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့်ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

(က-၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊ အလုပ်အကိုင်များ ဖန်တီးခြင်း၊ သက်မွေးပညာသင်တန်းများရရှိခြင်းမှတဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေးအနေအထားကို တိုးတက်ရရှိစေမည်။

(က-၂) ကျွန်ုပ်တို့ရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သော ပညာရေးမှတဆင့် ကလေးငယ်များ၏ လူသားဆိုင်ရာစွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်းလာစေရမည်။

(က-၃) ကျွန်ုပ်တို့ရွာလူထုသည် သက်မွေးဝမ်းကျောင်းနှင့် စီးပွားရေးအုပ်စုများ ဖွဲ့စည်းပြီးကျေးရွာအခြေပြု အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်မားလာမှုမှတဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုယန္တရားတိုးတက်လာရမည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါ အကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

(ခ-၁) ကျေးရွာတွင် အရင်းအနှီးငွေ ၊ နည်းပညာနှင့် နည်းပညာအသုံးချနိုင်စွမ်းရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့် နည်းပညာများ ထွန်းကားလာရေးအတွက် စိုက်ပျိုးရေး ၊ မွေးမြူရေးနည်းပညာသင်တန်းများ တက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာနည်းပညာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ သင်တန်းတတ်ထားသူများကတဖန် ကျေးရွာတွင်ရရှိထားသော နည်းပညာများကို မျှဝေပေးပြီး မိမိတို့ကိုယ်တိုင်ကလည်း ကိုယ်ပိုင်လုပ်ငန်းများတွင် အသုံးချကာ ထုတ်လုပ်မှုတိုးတက်လာစေမည်။

(ခ-၂) ကျွန်ုပ်တို့သည် အပ်ချုပ် ၊ ဇာထိုးပန်းထိုး ၊ ယိုနှင့်မုန့်လုပ်နည်း ၊ ဆံပင်ညှပ် ၊ စက်ပြင်၊ မော်တော်ဆိုင်ကယ်ပြင်နှင့် မိုဘိုင်းဖုန်းပြင်စသော သင်တန်းများတက်ရောက်နိုင်ရန် သင့်တော်သော သင်တန်းသားများကို တက်ရောက်နိုင်ရန် စီစဉ်ပေးမည်။ ဝင်ငွေရလုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန် အရင်းအနှီးလုပ်ငန်းအစီအစဉ်နှင့် ချိတ်ဆက်ပေးမည်။

(ခ-၃) ကျေးရွာတွင် စာသင်ကျောင်း၏ ခြံစည်းရိုးကာရံပြီး မူကြိုကျောင်းတစ်ဆောင် ဆောက်လုပ်ခြင်းဖြင့် ကလေးငယ်များ၏ အရည်အချင်းတိုးမြင့်လာရေးအတွက် ဆောင်ရွက်မည်။ ပညာရေးဌာနနှင့် ချိတ်ဆက်ပြီး အထက်တန်းကျောင်းတွင် ဘာသာရပ်အလိုက် ကျွမ်းကျင်မှုပြည့်ဝသော ဆရာ/မ များခန့်ထားရရှိနိုင်ရေးတို့အတွက် ဆောင်ရွက်သွားမည်။

(ခ-၄) ကျေးရွာတွင် ကျေးရွာလမ်းနှင့် ကျေးရွာဈေးဆောက်လုပ်ကာ ကျေးရွာ၏အခြေခံအဆောက်အဦများ တိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်။ တချိန်တည်းတွင် ကျေးရွာအဆောက်အအုံများကို အသုံးပြု စီမံခန့်ခွဲ ၊ ထိန်းသိမ်းရေးအတွက် စီမံခန့်ခွဲနိုင်စွမ်းကိုလည်း တိုးတက်အောင် ဆောင်ရွက်သွားကြမည်။ ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာအခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင် ဆောင်ရွက်ရန် တိုက်တွန်းအားပေးဆောင်ရွက်မည်။

၇။ **ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့်ကိစ္စများ**

အစိုးရ၏ မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားရပါသည်။

၍အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့် ၊ ထိုမှတဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း**

၎င်းကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း ၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက်ပမာဏပါဝင်သည့်နှစ်ပတ်လည်ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

**(ခ) စိုက်ပျိုးမြေများ ထိရောက်စွာအသုံးချနိုင်ရေး**

ကျေးရွာတွင် စပါးကို အဓိကသီးနှံအဖြစ်စိုက်ပျိုးကြသည်။ တောင်သူများအတွက် သီးနှံဖျက်ပိုးကျရောက်ခြင်းသည် အဓိကပြဿနာတစ်ရပ်ဖြစ်ပြီး ဖျက်ပိုးထိရောက်စွာ နှိမ်နင်းရေးအတွက် နည်းစနစ်ရရှိရေးလိုအပ်သည်။ ဖျက်ပိုးနှိမ်နင်းအတွက် သက်ဆိုင်ရာဦးစီးဌာနမှ ဝန်ဆောင်မှုများကိုရသော်လည်း စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများရောင်းချသည့်ပုဂ္ဂလိက အရောင်းဆိုင်များကို မှီခိုအားထားမှုပိုများသည်။ နည်းပညာ အသုံးပြုပုံများအပါအဝင် ပိုးမွှားနှိမ်နင်းရေးနည်းပညာ အသစ်ရရှိရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက ဦးစီးဦးရွက်ပြုသင့်ပါသည်။

**(ဂ) ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းများ**

ဘဏ်လုပ်ငန်းများကိုလည်းဆင်းရဲတောင်သူ ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီးများအတွက် လိုအပ်သောချေးငွေရရှိရန် စနစ်များပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့် လယ်သမားနှင့် အသေးစားလုပ်ငန်းရှင်များ စိုက်ပျိုးရေးနှင့် အသေးစားစီးပွားရေးလုပ်ငန်းများအတွက် အထိုက်အလျောက်များပြားသည့် ချေးငွေလိုအပ်ပါသည်။

**(ဃ) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာအထောက်အပံ့**

ကျေးရွာတွင်း အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်မည့်အလားအလာရှိပြီး အလုပ်အကိုင်နှင့် အမြတ်အစွန်းများရရှိရန် အထူးသဖြင့် လူငယ်နှင့်အမျိုးသမီးများအတွက် အခွင့်အလမ်းရှိပါသည်။ သို့သော်၎င်းတို့တွင် လုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှုနည်းပညာ ၊ ဈေးကွက် ၊ သတင်းအချက်အလက်များလက်လှမ်းမီမှုတွင် အားနည်းပါသည်။ ကျေးရွာတစ်ခုလုံး၏ အမျိုးမျိုးကွဲပြားနေသော လုပ်ငန်းများ (ကုန်ထုတ်ခြင်း၊ စက်မှု ၊ လက်မှုလုပ်ငန်း) အတွက် လုပ်ငန်းစီမံခန့်ခွဲရေးထောက်ပံ့ခြင်းကို ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင်

မကျီးဇင်ကျေးရွာအုပ်စု ၊ ပေါက်လှကျိုင်ကျေးရွာ အညွှန်းပြမြေပုံ



မကျီးဇင်ကျေးရွာအုပ်စု၊ပေါက်လှဂျိုင်ကျေးရွာ ဒေသဖွံ့ဖြိုးရေးအဖွဲ့စာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | နေရပ်လိပ်စာ |
|---|---|---|---|---|
| ၁ | ဦးဇော်မင်းထွန်း | ဦးကျော်သင်း | ၁၄/ရသယ(နိုင်)၀၀၄၆၄၁ | ပေါက်လှဂျိုင် |
| ၂ | ဦးညီနိုင် | ဦးခွေးမောင် | ၁၄/သပန(နိုင်)၁၉၈၀၀၂ | ပေါက်လှဂျိုင် |
| ၃ | ဦးဌေးမြင့် | ဦးလူအေး | ၁၄/သပန(နိုင်)၀၈၀၉၀၆ | ပေါက်လှဂျိုင် |
| ၄ | ဦးမျိုးမြင့်ဆန်း | ဦးဖိုးခွေး | ၁၄/သပန(နိုင်)၀၉၅၂၁၆ | ပေါက်လှဂျိုင် |
| ၅ | ဦးဖြိုးတေဇာအောင် | ဦးခင်အောင် | ၁၄/သပန(နိုင်)၃၁၄၁၆၈ | ပေါက်လှဂျိုင် |
| ၆ | ဦးချစ်ဆန်းနိုင် | ဦးဆဆန်းမြင့် | ၁၄/ရသယ(နိုင်)၀၁၀၉၃၈ | ပေါက်လှဂျိုင် |
| ၇ | ဦးစိုးထက်အောင် | ဦးတင်ရှင်း | ၁၄/ရသယ(နိုင်)၀၁၃၁၀၀ | ပေါက်လှဂျိုင် |
| ၈ | ဦးကျော်ဆွေဦး | ဦးတင်ဦး | ၁၄/သပန(နိုင်)၀၉၇၆၃၅ | ပေါက်လှဂျိုင် |
| ၉ | ဦးကျော်ဆန်းလင်း | ဦးတင်ဝင်း | ၁၄/ရသယ(နိုင်)၀၀၉၄၈၀ | ပေါက်လှဂျိုင် |
| ၁၀ | ဦးမင်းမင်းနိုင် | ဦးသန်းဝင်း | ၁၄/ရသယ(နိုင်)၀၀၁၇၅၃ | ပေါက်လှဂျိုင် |
| ၁၁ | ဦးသန်းဝင်း | ဦးရွှင် | ၁၄/သပန(နိုင်)၀၃၀၅၁၀ | ပေါက်လှဂျိုင် |

ထည့်သွင်းရေးဆွဲရန် ခက်ခဲပါသည်။ ကျွန်တော်တို့ကျေးရွာမှ အသေးစားလုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းသစ်များ ယခုအခါ အဆင်သင့်မတွေ့ရသေးပါ။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့တစ်ခု ထူထောင်ပြီး မြို့နယ်အဆင့် စီမံခန့်ခွဲရေးအောက်တွင်ထားရှိကာ တစ်နှစ်ပတ်လည်း ဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

(င) **ကျေးလက်ဈေးဆောက်လုပ်ရေး**

